# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

September 2, 2020 Volume 35, Number 2


| ၂.၉.၂၀၂၀ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၆၅ US$ |
| မြန်မာ့ရွှေဈေး | = ၁၃၀၈၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၄၄/- ကျပ် |
| CBM Rate | = ၁၃၂၃.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၆၈.၅ ကျပ် |
| စင်ကာပူတစ်ဒေါ်လာ | = ၉၇၁.၅၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၆၄.၉ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၄၅.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၇၁.၉၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၃.၈၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၀၉၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၁.၄၆ ကျပ် |
| မလေးရှားရင်းဂစ် | =၃၁၉.၁၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၂.၃၂၂ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## COVID-19 ကပ်ရောဂါကြောင့် နှေးကွေးသွားသည့် မြန်မာနိုင်ငံပါဝင်သည့် အာဆီယံ၏ FTAs များ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းစဉ်များ ပြန်လည်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးပြောကြား



COVID-19 ကပ်ရောဂါကြောင့် နှေးကွေးသွားသည့် မြန်မာနိုင်ငံပါဝင်သည့် အာဆီယံ၏ FTAs များ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းစဉ်များ ပြန်လည်မောင်းနှင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောကြားသည်။ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့၌ ဩဂုတ် ၂၇ ရက်တွင် ကျင်းပသည့် 2020 ASEAN Leadership & Partnership Forum သို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာသန်းမြင့်က Virtual စနစ်ဖြင့် အမှာစကားပြောကြားစဉ် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးသည် အာဆီယံ၏စည်းလုံးညီညွတ်မှု၊ သဟဇာတရှိရှိ ပူးပေါင်းဆောင်ရွက်မှု၊ စီးပွားရေးအရပေါင်းစည်းမှုနှင့် အာဆီယံ၏ သူမတူသည့် ထူးခြားမှုများကိုမြှင့်တင်သွားရမည်ကို အဖွဲ့ဝင်နိုင်ငံများအားလုံးက အထူးအလေးထားကြပါကြောင်း၊ ထိုပြင်ဒေသတွင်းနှင့် ကမ္ဘာ့အခြေအနေအကျင်းတွင် လျင်မြန်သည့်ပြောင်းလဲမှုများကြောင့် ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို စုပေါင်းဖြေရှင်းကြရမည်ဖြစ်ကြောင်း၊ COVID-19 ကမ္ဘာ့ကပ်ရောဂါကြောင့် နှေးကွေးသွားသည့် အာဆီယံ၏ FTAs များ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းစဉ်များကို ပြန်လည်မောင်းနှင်ဆောင်ရွက်သွားရ မည်ဖြစ်ပြီး FTAs များတွင် အထောက်အပံ့ကွင်းဆက်များ ချောချောမွေ့မွေ့လည်ပတ်နိုင်စေရန်နှင့် အခွင့်အလမ်းသစ်များ ဆက်လက်ဖန်တီးပေးနိုင်ရန်တို့ကိုလည်း အလေးထားဆောင်ရွက်နေကြကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ကပြောကြားသည်။

အာဆီယံသည် ကမ္ဘာ့စီးပွားရေးတွင် အဓိကကျသည့် စီးပွားရေးအင်အားကြီးအဖွဲ့အစည်းတစ်ခုအဖြစ် ရပ်တည်နေသော်လည်း ကမ္ဘာတွင်အဓိကအရေးပါသည့် Digital Economy တစ်ခုဖြစ်လာစေရေးအတွက် COVID-19 ကြောင့် ပြန်လည်နာလန်ထူလာရေး ကြိုးပမ်းမှုများတွင် ဒစ်ဂျစ်တယ်နည်းပညာများ၏ မရှိမဖြစ်အရေးပါမှုကို အသိအမှတ်ပြုပြီး Digital Integration ဆောင်ရွက်နိုင်မှသာလျှင် အာဆီယံသည် အခြားသောကမ္ဘာ့အဓိကနိုင်ငံကြီးများနှင့် ယှဉ်ပြိုင်နိုင်စွမ်း ရှိလာမည်ဖြစ်ကြောင်း၊ သို့မှသာ ဒေသတွင်းကူးလူးဆက်သွယ်မှုကို ပိုမိုတိုးမြှင့်စေပြီး ဒေသတွင်းနှင့်ကမ္ဘာ့ကုန်သွယ်ရေးအပြင် ရင်းနှီးမြှုပ်နှံမှုကိုပါ မြှင့်တင်နိုင်မည်ဖြစ်ကြောင်းလည်း ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံအပါအဝင် အာဆီယံ ၁၀ နိုင်ငံနှင့် ဩစတြေးလျ၊ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ နယူးဇီလန်နိုင်ငံတို့ပါဝင်မည့်ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ကို ၂၀၂၀ ပြည့်နှစ်တွင် လက်မှတ်ရေးထိုးနိုင်ရန် ညှိနှိုင်းလျက်ရှိသည်။ RECP သည် အာဆီယံအဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံနှင့် ဆွေးနွေးဖက်ခြောက်နိုင်ငံဖြစ်သော ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ တောင်ကိုရီးယားနှင့် နယူးဇီလန်နိုင်ငံတို့အကြား ဆွေးနွေးညှိနှိုင်းလျက်ရှိသော ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partership– RCEP) သဘောတူ စာချုပ်တစ်ခုဖြစ်ပြီး ဆွေးနွေးညှိနှိုင်းမှုများကို ၂၀၁၃ ခုနှစ်တွင် စတင်ခဲ့ခြင်းဖြစ်သည်။ RCEP သည် ကမ္ဘာ့လူဦးရေ၏ ထက်ဝက်နီးပါးရှိပြီး ကမ္ဘာ့စီးပွားရေး၏ ၄၂ ဒသမ ၂ ရာခိုင်နှုန်း၊ ကမ္ဘာ့ကုန်သွယ်မှု၏ ၂၉ ဒသမ ၁ ရာခိုင်နှုန်းနှင့် ကမ္ဘာလုံးဆိုင်ရာနိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု၏ ၃၂ ဒသမ ၅ ရာခိုင်နှုန်းကို ကိုယ်စားပြုသည့်အတွက် ကမ္ဘာ့အကြီးဆုံး ကုန်သွယ်ရေးအုပ်စုကြီးများတွင် တစ်ခုအပါအဝင်ဖြစ်လာရန် မျှော်မှန်းထားသည်။

မြန်မာနိုင်ငံက အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်၊ ကိုရီးယား၊ အိန္ဒိယ၊ ဩစတြေးလျနှင့် နယူးဇီလန်တို့ပါဝင်သည့် ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (RCEP) တွင်ပါဝင်ခြင်းဖြင့် ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ခန့်ရှိသောဈေးကွက်သို့ မြန်မာ့ပို့ကုန်များကို အကောက်ခွန် ကင်းလွတ်သက်သာခွင့်ဖြင့် တိုးမြှင့်တင်ပို့နိုင်မည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှသိရသည်။ (RCEP) ကို လက်ရှိအာဆီယံက ပါဝင်ဆောင်ရွက်လျက်ရှိသည့် လွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ်များထက် ပိုမိုခေတ်မီပြီးပြည့်စုံ၍ အရည်အသွေးမြင့်မားကာ အပြန်အလှန်အကျိုးရှိစေမည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု စာချုပ်တစ်ခုဖြစ်ရန် ရည်ရွယ်ထားကြောင်းသိရသည်။

မြန်မာနိုင်ငံက ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (RCEP) တွင်ပါဝင်ခြင်းဖြင့် ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ခန့်ရှိသောဈေးကွက်သို့ မြန်မာ့ပို့ကုန်များ အကောက်ခွန်ကင်းလွတ်သက်သာခွင့်ဖြင့် တိုးမြှင့်တင်ပို့နိုင်မည့် အခွင့်အလမ်းများရရှိမည့်အပြင် အဆိုပါစာချုပ်တွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခန်းကဏ္ဍလည်းပါဝင်သဖြင့် မြန်မာနိုင်ငံအတွင်းသို့ စာချုပ်ဝင်နိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/189816

## COVID-19 ကြောင့် စီးပွားရေးတိုးတက်အောင်လုပ်မှု အရှိန်မလျော့ရေး JICA က ယန်းငွေ သန်း ၃ သောင်းကို လျှော့ပေါ့နှုန်းနှင့်ချေးမည်



မြန်မာနိုင်ငံတွင် COVID-19 ကပ်ရောဂါ ရိုက်ခတ်မှုကို ကျော်လွှားနိုင်ရန်အားထုတ်ရာ၌ စီးပွားရေးဆိုင်ရာ တိုးတက်လုပ်ဆောင်မှုများ အရှိန်လျော့သွားခြင်းမရှိစေရန် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) က ဂျပန်ယန်းငွေ သန်းပေါင်း ၃ သောင်း (အမေရိကန်ဒေါ်လာ သန်း ၂၈၀ ခန့်) ကို လျှော့ပေါ့နှုန်းထားဖြင့် ထုတ်ချေးပေးမည်ဖြစ်သည်။

မြန်မာအစိုးရနှင့် JICA တို့သည် COVID-19 အကျပ်အတည်း တုံ့ပြန်ချက်အရေးပေါ်အထောက်အကူချေးငွေ (ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် ငွေကြေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး စီမံချက်ချေးငွေ) သဘောတူညီချက်ကို နေပြည်တော်

တွင် ယနေ့ စက်တင်ဘာလ ၁ ရက်နေ့က လက်မှတ်ရေးထိုးခဲ့သည်။ ယင်းသဘောတူညီချက်အပေါ်မူတည်၍ JICA က COVID-19 စီးပွားရေးပေါ်ထိခိုက်မှုသက်သာရေး စီမံချက် (CERP) နှင့် ၎င်းနှင့်ဆက်နွယ်နေသည့် ရင်းနှီးမြှုပ်နှံမှု/ကုန်သွယ်မှုမြှင့်တင်ရေးနှင့် ငွေကြေးကဏ္ဍ ခိုင်မာစေရေးတို့ကို အထောက်အကူပြုရန် ယခုကဲ့သို့ထုတ်ချေးခြင်းဖြစ်ကြောင်း JICA ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

CERP ၏ စုစုပေါင်း ခန့်မှန်းကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ သန်း ၂ ထောင်ခန့်ကုန်ကျမည်ဖြစ်ရာ ယခု JICA ၏ ချေးငွေများအပြင် ပြည်ထောင်စုအစိုးရ၏ ဘတ်ဂျက်ငွေနှင့် အပြည်ပြည်ဆိုင်ရာငွေကြေးအဖွဲ့အစည်းများမှ ငွေကြေး အထောက်အကူများကို ဖြည့်စွက်ပေးမည်ဖြစ်သည်။ အရေးပေါ်အထောက်အကူပြုချေးငွေသည် ကာလတိုအထောက်အကူပေးရန် အစီအစဉ်များအတွက် မရှိမဖြစ်လိုအပ်နေသော ငွေကြေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးရုံမက ဦးစားပေးအဆင့် သတ်မှတ်ချက်ဖြင့် စီးပွားရေးဆိုင်ရာမူဝါဒပြုပြင်ပြောင်းလဲမှုများကို အားပေးခြင်းအားဖြင့် အရှိန်အဟုန်မပျက် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိရေး အခြေခံစေရမည်ဖြစ်ရာ JICA ၏ နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး စီမံချက်များ၏ အထောက်အကူကိုလည်း အသုံးပြုနိုင်ကြောင်း JICA ၏ မြန်မာပြည်ရုံးမှ ဌာနေကိုယ်စားလှယ်ချုပ် မစ္စတာ ဆာကာကူရာနိုရီဂျီက ထုတ်ပြန်ချက်တွင်ပြောထားသည်။ JICA သည် ပြီးခဲ့သည့်ဖွန်လက အသေးစားနှင့်အလတ်စားလုပ်ငန်းများအတွက် ဂျပန်ယန်းငွေ သန်းပေါင်း ၅ ထောင်ချေးငွေကို စတင်ထုတ်ချေးခဲ့ပြီး ယခုချေးငွေမှာ ဒုတိယအကြိမ် ငွေကြေးအထောက်အကူပေးမှုဖြစ်သည်။

**Source:** http://www.mizzimaburmese.com/article/72929

## ဒေါ်လာဈေး ဆက်တိုက်ကျဆင်း



ဗဟိုဘဏ်က ဩဂုတ်လအတွင်း ဒေါ်လာ ၃၆ သန်းကျော် ဝယ်ယူခဲ့သော်လည်း ပြည်တွင်းငွေဈေးကွက်တွင် ဒေါ်လာဈေး ဆက်လက်ကျဆင်းနေသည်။ အနိမ့်ဆုံးဈေး တစ်ဒေါ်လာ ကျပ် ၁,၃၃၃ ကျပ်မှ အမြင့်ဆုံး ၁,၃၆၁ ကျပ်ဖြင့် ဝယ်ယူခဲ့သည်ဟု ဗဟိုဘဏ်က ထုတ်ပြန်သော အချက်အလက်စာရင်းများတွင် ဖော်ပြထားသည်။

ဗဟိုဘဏ်ပေါက်ဈေးသည် စက်တင်ဘာ ၁ ရက်တွင်တစ်ဒေါ်လာ ၁,၃၃၁ ကျပ်ရှိသည်။ ပြင်ပဈေးကွက်တွင် ငွေလဲကောင်တာ အရောင်းသည် တစ်ဒေါ်လာ ၁,၃၄၅ ကျပ်နှင့် အဝယ်ဈေး ၁,၃၁၅ ကျပ်ဖြစ်သည်။ ဒေါ်လာဈေး တစ်ရှိန်ထိုးကျဆင်းမှုကိုကုစားရန် ဗဟိုဘဏ်က ၂၀၂၀ ပထမ ခြောက်လကျော်အတွင်း ပြင်ပဈေးကွက်မှ ဒေါ်လာသန်း ၁၆၀ ကျော်ဝယ်ယူခဲ့သည်။ “ဗဟိုဘဏ်က ဈေးကွက်မှာ အတက်အကျမများစေဖို့ ဝင်ထိန်းတဲ့သဘောနဲ့တစ်နေ့ကို ဒေါ်လာ သုံးသိန်းကျော် လောက် ဝယ်နေတာတွေ့ရတယ်။ ဒါကြောင့်လည်း ဈေးကွက်မှာ ဒေါ်လာဈေးက အတက်အကျ မကြမ်းတဲ့သဘောပေါ့” ဟု ငွေလဲလုပ်ငန်းဆောင်ရွက်နေသည့် ကိုဇော်လင်းထက်ကပြောသည်။

ဗဟိုဘဏ်က လေလံစနစ်ဖြင့် ဒေါ်လာဝယ်ယူ၊ ရောင်းချနေခြင်းသည် အချိန်တိုအတွင်းဒေါ်လာအတက်အကျ မများစေရန်နှင့် နိုင်ငံခြားသုံး၊ ရန်ပုံငွေကိုဖြည့်တင်းရန်အတွက်သာဖြစ်သည်ဟု ဗဟိုဘဏ်က ဇူလိုင် ၂၄ ရက်တွင် ထုတ်ပြန်ထားသည်။ ဗဟိုဘဏ်က နိုင်ငံခြားငွေဈေးပြိုင်လေလံဆောင်ရွက်ခြင်းသည် ငွေလဲနှုန်းတစ်ရပ်အတွက် ဈေးနှုန်းရှိစေရန်သာဖြစ်ပြီး မြန်မာကျပ်ငွေ တန်ဖိုးမြင့်တက်စေရန် (သို့မဟုတ်) ကျဆင်းစေရန်မဟုတ်ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ ဗဟိုဘဏ်သည် မြန်မာကျပ်ငွေတန်ဖိုး သတ်မှတ်နှုန်းထက်ကျဆင်းပါက ဒေါ်လာကိုဈေးပြိုင် လေလံစနစ်ဖြင့်ရောင်းချပြီး မြန်မာကျပ်ငွေတန်ဖိုး မြင့်တက် လာသည့်အခါ ဒေါ်လာကိုဈေးပြိုင်စနစ်ဖြင့်ဝယ်ယူသည်။ နိုင်ငံခြားသုံးရန်ပုံငွေကို ဖြည့်တင်းရာတွင် ကျပ်ငွေတန်ဖိုး မြင့်တက်လာသည့်အခါ လေလံစနစ်ဖြင့် ဈေးကွက်အတွင်းမှဖြည့်တင်းသည်ဟု ဗဟိုဘဏ်ကဆိုသည်။

မြန်မာနိုင်ငံတွင် နိုင်ငံခြားငွေလဲလှယ်သည့်နှုန်းထားကလည်း ယခုနှစ်ခြောက်လအတွင်း သိသာစွာကျဆင်းနေသည်ဟု ပြည်တွင်းပုဂ္ဂလိကဘဏ်လုပ်ငန်းရှင်များကပြောသည်။ ဒေါ်လာသာမက အခြားနိုင်ငံတကာငွေကြေးများလည်း တန်ဖိုးကျဆင်း

ပြီး မြန်မာကျပ်တန်ဖိုး ပြန်လည်မြင့်တက်လာခြင်းဖြစ်သည်။ နှစ်စဉ် မိုးရာသီတွင် ပို့ကုန်ပိတ်၍ သွင်းကုန်များသောကြောင့် ဒေါ်လာဈေးမြင့်တက်လေ့ရှိသော်လည်း လက်ရှိ ၂၀၂၀ သည် ကိုဗစ်ကပ်ရောဂါကြောင့် ဒေါ်လာဈေးများကျဆင်းနေခြင်း ဖြစ်သည်။

**Source:** https://7day.news/detail?id=197632

## မန္တလေးရွှေဈေးကွက် ရွှေဈေးမြင့်တက်၍ အရောင်းအဝယ်အေး



မန္တလေးတိုင်းဒေသကြီး ရွှေဈေးကွက်၌ စက်တင်ဘာ ၁ ရက် ဈေးဖွင့်ချိန်တွင် ရွှေတစ်ကျပ်သားလျှင် ၁၃ သိန်းကျော်အထိ မြင့်တက်လာသောကြောင့် အရောင်းအဝယ်အေးလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များ အသင်းထံမှသိရသည်။ ရွှေထွက်ရာဒေသများဖြစ်သော သပိတ်ကျင်း၊ ရမည်းသင်းမြို့နယ်တို့တွင် မိုးအဆက်မပြတ်ရွာသွန်းပြီး ရေကြီးမှုများဖြစ်ပေါ်ခြင်း၊ ဒေါ်လာလဲလှယ်နှုန်းမြင့်တက်နေခြင်း၊ ကမ္ဘာ့ ရွှေဈေးနှုန်းမြင့်တက်နေခြင်းကြောင့် ရွှေဈေးမြင့်တက်လျက်ရှိကြောင်းသိရသည်။

ရွှေဈေးအမြင့်ဆုံး ရောက်ရှိသွားသောကြောင့် အရောင်းအဝယ်အေးသွားပြီး ရွှေစုဆောင်းထားသူ အချို့မှာလည်း အခေါက်ရွှေဈေးငွေကျပ် ၁၃ သိန်းကျော်ရောက်ရှိလာသဖြင့် ပြန်လည်ထုတ်ရောင်းချသူ များပြားလျက် ရှိကြောင်း မန္တလေးမြို့ ရွှေအရောင်းအဝယ်ဈေးကွက်မှသိရသည်။ စက်တင်ဘာ ၁ ရက် နံနက် ၇ နာရီ ရွှေအဖွင့်ဈေး အခေါက်ရွှေတစ်ကျပ်သား ငွေကျပ် ၁၃၁၄၀၀၀ ၊ ၁၅ ပဲရည် တစ်ကျပ်သား ငွေကျပ် ၁၂၆၇၀၀၊ ဒင်္ဂါး ၁၀၅၀၈၀၀ ဖြစ်ပြီး ကမ္ဘာ့ရွှေဈေးမှာ တစ်ထရိုင်အောင်စ ၁၉၈၉ ဒေါ်လာ၊ ငွေလဲနှုန်းမှာ တစ်ဒေါ်လာ ၁၃၄၅ ကျပ်ဖြစ်ကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/1350

## ၂၀၂၁ ခုနှစ် မော်တော်ယာဉ်တင်သွင်းသည့်ပေါ်လစီအရ စလစ်ကပ်ပြီး မော်တော်ယာဉ်သွင်းစရာ မလိုတော့သည့်အတွက် ကားဟောင်းစလစ်အဝယ်ရပ်သွားနိုင်



၂၀၂၁ ခုနှစ် မော်တော်ယာဉ်တင်သွင်းသည့် ပေါ်လစီအရစလစ်ကပ်ပြီး မော်တော်ယာဉ်သွင်းစရာ မလိုတော့သည့်အတွက် အတွက် ကားဟောင်းစလစ် အဝယ်ရပ်သွားနိုင်ကြောင်း မော်တော် ယာဉ်တင်သွင်းရောင်းချသည့် လုပ်ငန်းရှင်များထံမှသိရသည်။ ထို့ကြောင့် စလစ်ဈေးကွက်ပျောက်နိုင်မည်ဖြစ်ပြီး ငွေကျပ် သိန်း ၁၀၀ နှင့် သိန်း ၁၅၀ ကြား အနိမ့်ကားများ ငွေကျပ် သိန်း ၁၀၀ အောက် ကျဆင်းနိုင်ကာ ဈေးအမြင့်ကားများလည်း အဆင့်ဆင့်ဈေးနှုန်း ကျဆင်းနိုင်ကြောင်း Moezac Auto Myanmar မှ တာဝန်ရှိသူတစ်ဦး ကပြောသည်။

မော်တော်ယာဉ်တင်သွင်းခြင်းနှင့်သက်ဆိုင်သော လုပ်ငန်းများကြီးကြပ်ရေးကော်မတီအနေဖြင့် ယခင်နှစ်များက ပြည်ပမှ မော်တော်ယာဉ် တင်သွင်းခြင်းအတွက် ထုတ်လုပ်သည့်ခုနှစ် သတ်မှတ်ခြင်းများတွင် ယာဉ်အိုယာဉ်ဟောင်းအစီအစဉ်(Con-signment စနစ်အပါအဝင်) နှင့် လူပုဂ္ဂိုလ်တစ်ဦးချင်း အစီအစဉ်တို့ကို ခွဲခြားသတ်မှတ်ထုတ်ပြန်ခဲ့သော်လည်း ၂၀၂၁ ခုနှစ်အတွက် သတ်မှတ်ထုတ်ပြန်ရာတွင် လူစီးမော်တော်ယာဉ်များ အနေဖြင့်သာ သတ်မှတ်ဖော်ပြခဲ့ကြောင်းသိရသည်။ "၂၀၂၁ ခုနှစ်အတွက် သတ်မှတ်ထုတ်ပြန်တာက စလစ်ကပ်ကားဆိုပြီး သီးသန့်မော်ဒယ်သတ်မှတ်ပြီး မထုတ်ပြန်ဘူး။ လူစီးကားကိုပဲ

ထုတ်ပြန်ထားတယ်။ နောက်ပြီး လူစီးကားတွေကို ၂၀၁၉ ခုနှစ်ကစပြီး တင်သွင်းရမယ်ဆိုတော့ မော်ဒယ်နိမ့်ကားဟောင်းတွေက ဈေးကျသွားမယ်။ စလစ်ဈေးကွက်မရှိတော့ရင် ကားဟောင်းတွေက ဈေးပိုပြီးကျသွားနိုင်တယ်။ ကားဟောင်းဝယ်စီးမယ့်သူတွေကတော့ အဆင်ပြေတာပေါ့'' ဟု မော်တော်ယာဉ်ဝယ်ရောင်းလုပ်ကိုင်သူ ဦးမင်းလွင်ကပြောသည်။

လက်ရှိ စလစ်ဈေးမှာ နှစ်နှစ်ဆယ် စလစ်တွင် ငွေကျပ် သိန်း ၁၀၀ ဝန်းကျင်အထိ ပေါက်ဈေးရှိသည်။ အနိမ့်ဆုံး ၂၀၁၉ မော်ဒယ်မှ စတင်တင်သွင်းရတော့မည်ဖြစ်၍ စလစ်ကပ်ရမည့် မော်ဒယ်ဟူ၍ မရှိတော့ကြောင်း၊ ရန်ကုန်လိုင်စင် လိုချင်ပါက စလစ်ကပ်ရမည်ဖြစ်ပြီး နယ်လိုင်စင်ဆိုပါက စလစ်မလိုသည့် ပုံစံမျိုး ဖြစ်ကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/1353

## ရန်ကုန်မြို့တွင် COVID-19 ကြောင့် စက်မှု၊ ဆောက်လုပ်ရေး၊ ကုန်သွယ်ရေးကဏ္ဍများ ထိခိုက်သော်လည်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် GDP တိုးတက်မှုနှုန်း ၇ ဒသမ ၄ ရာခိုင်နှုန်း အပြည့်အဝရရှိရန် ဆောင်ရွက်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းစီမံဘဏ္ဍာဝန်ကြီး ပြောကြား

ရန်ကုန်တွင် COVID-19 ကြောင့် စက်မှု၊ ဆောက်လုပ်ရေး၊ ကုန်သွယ်ရေးကဏ္ဍများကို ထိခိုက်သော်လည်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် GDP တိုးတက်မှုနှုန်း ၇ ဒသမ ၄ ရာခိုင်နှုန်း အပြည့်အဝရရှိရန် ဆောင်ရွက်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးရဲမင်းဦးက ပြောကြားသည်။

စက်တင်ဘာ ၁ ရက်ကပြုလုပ်သည့် ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ၁၂ ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့တွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီး၏ ဒေသန္တရစီမံကိန်း ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ စိစစ်လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ဝန်ကြီးဦးရဲမင်းဦးက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်းပြုလုပ်ရာတွင် ဝန်ကြီးက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ “GDP ၇ ဒသမ ၄ ရာခိုင်နှုန်း ရည်မှန်းရခြင်းကတော့ ရန်ကုန်တိုင်းဒေသကြီးမှာရှိတဲ့ ရင်းနှီးမြှုပ်နှံမှုကော်မတီ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်တို့မှာရှိတဲ့ ရင်းနှီးမြှုပ်နှံမှုပမာဏတွေကို တွက်ချက်ထားတာတွေ၊ လက်ရှိခွင့်ပြုထားတာတွေကို မူတည်ပြီးတော့မှ တွက်ချက်တင်ပြထားတာဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ သီလဝါ SEZ အပါအဝင် လုပ်ငန်းအရေအတွက် ၁၉၈ ခုနဲ့ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာ သန်း ၄၅၂၀ ဒသမ ၈ ရင်းနှီးမြှုပ်နှံခဲ့ပါတယ်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာမှဇွန်လအထိ သီလဝါ SEZ အပါအဝင် လုပ်ငန်းအရေအတွက် ၂၂၅ ခု ဖြင့် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ သန်း ၅၁၂၀ ဒသမ ၁ ကို ရင်းနှီးမြှုပ်နှံမှု ကော်မရှင်က ခွင့်ပြုခဲ့ပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေနဲ့ ၂၀၁၉ -၂၀၂၀ဘဏ္ဍာနှစ်မှာ နိုင်ငံခြားရင်းနှီးမြှုပ်မှု အမေရိကန်ဒေါ်လာ ၅ ဒသမ ၈ ဘီလျံရရှိရန်ဆောင်ရွက်ခဲ့ရာ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လအကုန်မှာ အမေရိကန်ဒေါ်လာ ၅ ဘီလျံ ရရှိခဲ့ ပြီဖြစ်ပြီး COVID-19 ဖြစ်ပွားပေမယ့် ရည်မှန်းချက်ပြည့်လုနီးပါး ဆောင်ရွက်နိုင်ပြီဖြစ်ပါတယ်” ဟု ဝန်ကြီးဦးရဲမင်းဦးက ပြောကြားသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးGDP တိုးတက်မှုနှုန်းကို ၈ ဒသမ ၉ ရာခိုင်နှုန်းရရှိရန် ရည်မှန်းဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ် မတ်တတိယပတ်တွင် COVID-19 ကူးစက်မြန် ရောဂါ၊ ကူးစက်ပြန့်ပွားလာခဲ့သည့်အတွက် ရန်ကုန်တိုင်းဒေသကြီး၏ကဏ္ဍများအနက် စက်မှု၊ ဆောက်လုပ်ရေး၊ ပို့ဆောင်ရေး၊ အခြားဝန်ဆောင်မှုနှင့် ကုန်သွယ်ရေး ကဏ္ဍများထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုများအပေါ်မှာ သက်ရောက်ထိခိုက်မှုများရှိခဲ့ကြောင်း၊ ထို့ကြောင့် ၂၀၂၀-၂၀၂၁ ခုနှစ် ဒေသန္တရ စီမံကိန်းတွင် ရန်ကုန်တိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးGDP တိုးတက်မှုနှုန်းကို ၇ ဒသမ ၄ ရာခိုင်နှုန်းလျှော့ချခဲ့ခြင်းဖြစ်ကြောင်း ဝန်ကြီးဦးရဲမင်းဦးကပြောကြားသည်။ “လျှော့ချလျှာထားထားပေမယ့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေနဲ့ ရည်မှန်းထားတဲ့GDP တိုးတက်မှုနှုန်း ၇ ဒသမ ၄ ရာခိုင်နှုန်း အပြည့်အဝရရှိဖို့ ဆောင်ရွက် သွားမှာဖြစ်ပါတယ်” ဟု ဝန်ကြီးဦးရဲမင်းဦးကပြောကြားသည်။

ဒေသန္တရစီမံကိန်းများရေးဆွဲရာတွင် ဆောင်ရွက်လိုသောစီမံကိန်းများနှင့် အကန့်အသတ်ရှိသော နိုင်ငံဘဏ္ဍာ၏ရရှိခွင့်ပြုနိုင်ရေးတို့ကိုရရှိခွင့်ပြုနိုင်ရေးဖြစ်စေရန်အတွက် စီမံကိန်းပြက္ခဒိန်ကို ရသုံးခန့်မှန်းခြေငွေစာရင်းဦးစီးဌာနနှင့် ညှိနှိုင်းရေးဆွဲခဲ့

ကြောင်း၊ သက်ဆိုင်ရာ စီမံကိန်းအကောင်အထည်ဖော်မည့် ဌာနများသို့လည်း လိုအပ်သောအချက်အလက်များ တောင်းခံစုစည်း စိစစ်တွက်ချက်ရကြောင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေ၏ အစိတ်အပိုင်းတစ်ခုဖြစ်သော ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီး၏ ဒေသန္တရစီမံကိန်းဥပဒေပါ ရည်မှန်းချက်များကို လျာထားရာတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပထမခြောက်လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် ဒုတိယခြောက်လပတ် အကောင်အထည်ဖော်နိုင်မည့်အခြေအနေတို့ကို ပေါင်းစပ်၍ ကြိုတင်ခန့်မှန်းထားသော နှစ်ကုန်ခန့်မှန်းခြေ စာရင်းပေါ်တွင်မူတည်၍ ခန့်မှန်းရေးဆွဲထားခြင်းဖြစ်ကြောင်း ဝန်ကြီး ဦးရဲမင်းဦးက ဆက်လက်ပြောကြားသည်။

**Source:** https://news-eleven.com/article/190326

## စရိတ်ကာမိရန် နိုင်ငံပိုင်အရန်ဆန်ကို ဈေးတင်ရောင်းမည်ဟု ဆန်စပါးအသင်းချုပ်ဆို

သိုလှောင်စရိတ်ကာမိစေရန် တစ်အိတ်လျှင် ကျပ် ၂၁,၅၀၀ နှုန်းဖြင့် ဝယ်ယူခဲ့သည့် နိုင်ငံပိုင်အရန်ဆန်ကို ကျပ် ၂၂,၈၀၀ နှုန်းဖြင့် ပြန်လည်ရောင်းချမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) တာဝန်ရှိသူကပြောသည်။ နိုင်ငံတော် အရေးပေါ်ဆန် (အရန်ဆန်) ဝယ်ယူစဉ်က သိုလှောင်စရိတ်ကို ဆန်စပါးအသင်းချုပ်ကကျခံမည်ဟုဆိုခဲ့သော်လည်း ဆန်သိုလှောင်ခ ကျပ်သိန်းလေးထောင်နီးပါးကို ထိုဆန်ရောင်းချရငွေထဲက ပြန်နုတ်ယူသွားမည်ဟု အသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်ကပြောသည်။ “အရန်ဆန်ရောင်းရတဲ့ဆီက ပြန်နုတ်တဲ့ပုံစံလည်းဖြစ်နိုင်တယ်။ နောက်တစ်ခုက အရန်ဆန်ဝယ်တဲ့သူကို ဈေးလျှော့ရောင်းပြီးတော့ ဒီစရိတ်ကို တောင်းလိုက်ရင်လည်းဖြစ်တယ်” ဟု ၎င်းကပြောသည်။

အရန်ဆန်တစ်အိတ်လျှင် ကျပ် ၂၂, ၄၀၀ နှုန်းဖြင့် ဆန်စပါးအသင်းချုပ်ကိုလွှဲအပ်ပြီး ဆန်အသင်းမှတစ်ဆင့် ကုန်သည်များကိုရောင်းချရာတွင် သိုလှောင်ခရရှိနိုင်ရန် ကျပ် ၂၂,၈၀၀ ဝန်းကျင်ဖြင့်ရောင်းချကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစန်းမြင့်က Myanmar Now ကို ပြောသည်။ “ဒီသိုလှောင်ခမပေးဘူးဆိုတာ သူတို့ကို ကျွန်တော်တို့ကအတိအလင်းပြောထားပြီးသားပါ။ သိုလှောင်ရုံအရောက် အလုပ်သမားခ လည်း မကျခံဘူး၊ သယ်ယူတဲ့ကားခလည်းမကျခံဘူး” ဟု ၎င်းကပြောသည်။

ကိုဗစ်နိုင်တင်းကာလ၌ ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေးအတွက် ဆန်တန်ချိန် ငါးသောင်း (ဆန်အိတ် ၁၀ သိန်း) ကို နိုင်ငံတော်သမ္မတ၏ အရေးပေါ်ရန်ပုံငွေ ကျပ် ၂၃ ဘီလျံဖြင့် ဝယ်ယူခဲ့ပြီး နိုင်ငံပိုင်ဂိုဒေါင်မလုံလောက်၍ ပုဂ္ဂလိကဂိုဒေါင်များကို ငှားရမ်းအသုံးပြုနေရသဖြင့် လစဉ်ကျပ်သိန်းထောင်ချီ ကုန်ကျလျက်ရှိသည်။ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ရှိ နိုင်ငံပိုင် ဂိုဒေါင်နှစ်လုံးသည် ဆန်အိတ် ငါးသောင်းခန့်သာထားနိုင်သဖြင့် ကျန်ဆန်အိတ်ကိုးသိန်းကျော်ကို ရန်ကုန်ရှိ ပုဂ္ဂလိက ဆန်ဂိုဒေါင် များ၌ ဆန်တစ်အိတ်လျှင် လစဉ်သိုလှောင်ခ ကျပ် ၁၀၀ နှုန်း ပေးနေရခြင်းဖြစ်သည်။ ယခင်အစိုးရလက်ထက်တွင် နိုင်ငံပိုင ဆန်ဂိုဒေါင် ၃၀၀၀ ကျော်ကို ပုဂ္ဂလိကလုပ်ငန်းရှင်များကို နှစ်ချုပ်ဖြင့် ငှားရမ်းခြင်း၊ အချို့ကို ပုဂ္ဂလိကပိုင် ပြုလုပ်ခြင်းများပြုလုပ် ခဲ့သည်။

ပုဂ္ဂလိကသို့ အပြီးတိုင်ရောင်းချခဲ့သည့် ဂိုဒေါင် ၁၂၀၀ ကျော်၊ နှစ်ရှည်စာချုပ်ဖြင့် ငှားရမ်းခဲ့သည့် ဂိုဒေါင် ၁၂၀ ကျော်၊ အခြားဝန်ကြီးဌာနများသို့ အပြီးလွှဲပြောင်းခဲ့သည့် ဂိုဒေါင် ၈၄၀ ကျော်နှင့် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်က ရောင်းချခဲ့သည့် ဂိုဒေါင် ၄၀၀ ကျော်ရှိပြီး လက်ရှိတွင် နိုင်ငံပိုင်ဂိုဒေါင် ၅၂၀ သာကျန်ရှိသည်ဟု ဇူလိုင်လအတွင်းက ပြုလုပ်ခဲ့သည့် သတင်းစာ ရှင်းလင်းပွဲတစ်ခုတွင် စီးပွားရေးနှင့်ကူးသန်းရေးရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူးကပြောကြား ခဲ့သည်။ “အရင်က ဂိုဒေါင်လည်း ကျွန်တော်တို့ပိုင်ခဲ့တယ်။ ဆန်စက်တွေလည်း ကျွန်တော်တို့ပိုင်ခဲ့ပါတယ်။ ဒါပေမယ့် လက်ရှိ ကျွန်တော်တို့ဆီမှာ သုံးလို့မရတော့တဲ့ ဂိုဒေါင်တွေပဲ ကျန်တော့တယ်” ဟု ၎င်းကပြောသည်။

ဇူလိုင်လဆန်းပိုင်းမှစတင်ကာ နိုင်ငံပိုင်အရန်ဆန်ကို တစ်အိတ်လျှင် ကျပ် ၂၂,၈၀၀ နှုန်းဖြင့် ရောင်းချနေပြီး လက်ရှိအထိ ဆန်အိတ်သုံးသောင်းခန့် ရောင်းရပြီးဖြစ်ကာ ဆန်စပါးအသင်းချုပ်အနေဖြင့် ရောင်းချခွင့်ရှိ ဆန်အိတ်အရေအတွက်မှာ ငါးသိန်း ဖြစ်သည်ဟု ဦးရဲမင်းအောင်ကပြောသည်။

**Source:** https://www.kumudranews.com/news-38411

## မူဆယ်တွင် မိုးဖရဲအနည်းငယ်သာ အရောင်းအဝယ်ဖြစ်

မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိရာ မိုးဖရဲသီးအနည်းငယ်သာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ခွာညိုသစ်သီးပွဲရုံထံမှသိရသည်။ "အရောင်းအဝယ်အခြေအနေက ဒီအတိုင်းပါပဲ။ စစ်ဆေးမှုကကြာတယ်။ ကိုဗစ်ကြောင့်ယာဉ်မောင်းအစားထိုးတွေနဲ့ဆိုတော့ ဒီအတိုင်းပါပဲ။ အရောင်းအဝယ်က ဖရဲသီး၊ သခွားမွှေးကလည်း ရာသီချိန်မဟုတ်သေးတော့ မိုးဖရဲတွေ နည်းနည်းပါးပါးသွားနေတယ်" ဟု ခွာညိုသစ်သီးပွဲရုံမှ ဦးစိုင်းခင်မောင်ကပြောကြားသည်။

လက်ရှိတွင် Covid-19 ဖြစ်ပွားနေသည့် ကာလဖြစ်သည့်အတွက် ယာဉ်မောင်းအစားထိုးများဖြင့် တရုတ်နိုင်ငံဘက်သို့ တင်ပို့ရောင်းချရသည့်အတွက် ကုန်သွယ်မှုတွင် ကြန့်ကြာမှုများရှိနေပြီး ဖရဲသီးနှင့်သခွားမွှေးရာသီချိန် မဟုတ်သည့်အတွက် မိုးဖရဲအနည်းငယ်ကိုသာ တင်ပို့ရောင်းချနေကြောင်း ၎င်းကဆိုသည်။

ဩဂုတ်လ ၃၁ ရက်နေ့တွင် မူဆယ်ကုန်သွယ်ရေးဇုန်သို့ မိုးဖရဲကား ၁၈ စီးခန့်ဝင်ရောက်ပြီး ရောင်းဈေးမှာ ၈၅၅ ဖရဲတစ်တန်လျှင် တရုတ်ငွေယွမ် ၁၇၀၀ မှ ၂၀၀၀ အထိပေါက်ဈေးရှိကာ ၂၁၁ ဒိုးကျည် ဖရဲတစ်တန်လျှင် ယွမ် ၁၅၀၀ မှ ၁၈၀၀ အထိပေါက်ဈေးရှိကြောင်း သိရသည်။ ထို့ပြင် နာနတ်သီးထွက်ရှိသည့် ရာသီဖြစ်သော်လည်း တရုတ်သို့တရားဝင် တင်ပို့ခွင့်မရှိသည့်အတွက် ပြည်တွင်းတွင်ပင် အရောင်းအဝယ်ပြုလုပ်နေရကြောင်း ယင်းပွဲရုံများထံမှသိရသည်။

**Source : The Voice**

https://news.ydnp.net/370456/

## ငါးအလွန်အကျွံဖမ်းဆီးထုတ်လုပ်ခြင်းကို စည်းမျဉ်းစည်းကမ်းများနှင့် ထိန်းသိမ်းဆောင်ရွက်မည်

မြန်မာ့ပင်လယ် ငါးလုပ်ငန်းရေပြင်အတွင်း ငါးအလွန်အကျွံ ဖမ်းဆီးထုတ်လုပ်ခြင်းများကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထိန်းသိမ်းဆောင်ရွက်မည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။ နော်ဝေနိုင်ငံမှ Dr. Fridtjof Nansen ၏ သုတေသနပြု လေ့လာတွေ့ရှိချက်များအရ ဖမ်းဆီးခွင့်ပြုနိုင်မှုမှာ မက်ထရစ်တန် ၁ သိန်း ဖြစ်သော်လည်း လက်ရှိတွင် တန်ချိန် ၃ သန်းနီးပါး ဖမ်းဆီးထုတ်လုပ်နေပြီး FAO နှင့် World Bank တို့၏ ရေငန်ငါးဖမ်းဆီးထုတ်လုပ် မှုအပေါ်တင်ပြချက်များအရ ငါးအလွန်အကျွံ ဖမ်းဆီးထုတ်လုပ်နေခြင်းတို့ကြောင့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထိန်းသိမ်းဆောင်ရွက်သွားရန်နှင့် ငါးသယံဇာတမပြုန်းတီးရေးကို ဝိုင်းဝန်းထိန်းသိမ်းကြရန်လိုအပ်ကြောင်း ၎င်းကဆိုသည်။

ဩဂုတ်လ ၂၇ ရက်နေ့ကပြုလုပ်သည့် ငါးမဖမ်းရရာသီ၊ ငါးမဖမ်းရဇရိယာ သတ်မှတ်ခြင်းနှင့် ပင်လယ်ငါးလုပ်ငန်းဆိုင်ရာ အစည်းအဝေးတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။ ထို့ပြင် တရားမဝင်ငါးဖမ်းဆီးမှု တိုက်ဖျက်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို အကောင်အထည်ဖော်ဆောင်ရွက်သည့်အနေနှင့် ငါးဖမ်းရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေးစနစ် (VMS) ကို ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ပင်လယ်ပြင်တွင် ဘေးကင်းလုံခြုံရေး စည်းကမ်းသတ်မှတ်ချက်များ၊ ILO က ချမှတ်ထားသည့် ငါးလုပ်ငန်းကဏ္ဍတွင် အလုပ်လုပ်ကိုင်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၁၈၈ နှင့် တိုက်တွန်းချက် ၁၉၉ တို့ကိုလည်း လိုက်နာဆောင်ရွက်ရန် ငါးလုပ်ငန်းဦးစီးဌာနက လိုအပ်သည့်စည်းမျဉ်းစည်းကမ်းများကို ချမှတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဒေါက်တာအောင်သူက ပြောကြားသည်။

မြန်မာ့ပင်လယ် ငါးလုပ်ငန်းရေပြင်အတွင်း ငါး၊ ပုစွန်သယံဇာတတည်ရှိမှုကို နော်ဝေနိုင်ငံမှ သုတေသနရေယာဉ် Dr. Fridtjof Nansen ၏ ၂၀၁၃ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင် သုတေသနပြုတွေ့ရှိ ချက်များအရ ၁၉၇၉-၁၉၈၀ ခုနှစ်တွင် အမြင့်ဆုံး ငါးဖမ်းဆီးထုတ်လုပ်နိုင်မှုမှာ တန်ပေါင်း ၁ ဒသမ ၀၅ သန်းရှိရာမှ လက်ရှိတွင် ဖမ်းဆီးခွင့်ပြုနိုင်မှုမှာ တန်ပေါင်း ၀ ဒသမ ၁ သန်းသာဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနထံမှသိရသည်။

၂၀၁၈ ခုနှစ်တွင် Dr. Fridtjof Nansen ဖြင့်ပင် ထပ်မံသုတေသနပြု လေ့လာတွေ့ရှိချက်များအရ ရေပေါ်လွှာငါးသယံဇာတမှာ ၁၉၇၉-၈၀ ခုနှစ်တွင် တန်ချိန် ၁ သန်းခန့်ရှိရာမှ ၂၀၁၃-၂၀၁၅ နှင့် ၂၀၁၈ ခုနှစ်များ၏ ရေပေါ်လွှာငါး ထုထည်ပမာဏမှာ တန်ချိန် ၀ ဒသမ ၁၅၅ သန်းသာရှိသည့်အတွက် ၈၀ ရာခိုင် နှုန်းခန့်လျော့နည်းသွားကြောင်း၊ ရေအောက်ငါးမှာ ယခင်က တန်ချိန် ၀ ဒသမ ၇၅ သန်းရှိရာမှ လက်ရှိတွင် တန်ချိန် ၀ ဒသမ ၃၀၆ သန်းသာရှိသည့်အတွက် ၆၀ ရာခိုင် နှုန်းခန့် လျော့နည်းသွားကြောင်း ယင်းဌာနထံမှသိရသည်။

**Source: The Voice**

https://news.ydnp.net/370456/

## နှစ်ပတ်အတွင်းရန်ကုန်စတော့အိတ်ချိန်း ၌ စတော့ရှယ်ယာရောင်းဝယ်မှု ၅၀ ရာခိုင်နှုန်းကျော်ကျဆင်း




COVID-19 ရောဂါ အတွေ့များလာသည့် နှစ်ပတ်အတွင်း ရန်ကုန်စတော့အိတ်ချိန်း၌ စာရင်းဝင်ကုမ္ပဏီများ၏ စတော့ရှယ်ယာရောင်းဝယ်မှုမှာ ၅၀ ရာခိုင်နှုန်းကျော် လျော့ကျသွားခဲ့ကြောင်း ရန်ကုန်စတော့အိတ်ချိန်းမှသိရသည်။ ရန်ကုန်စတော့အိတ် ချိန်းအမှုဆောင် အကြီးတန်းမန်နေဂျာ ဦးသက်ထွန်းဦးက "ဒီရက်ပိုင်းတွေက စတော့ရှယ်ယာအရောင်းအဝယ်တွေ အေးသွားပါတယ်။ သိသိသာသာလျော့သွားတာပါ" ဟုဆင်ဟွာသို့ စက်တင်ဘာ ၁ ရက်တွင် ပြောသည်။

စတော့အိတ်ချိန်းတွင် စတော့အရောင်းအဝယ်သည် ဩဂုတ် ၁၀ ရက်မှ ၁၄ ရက်အတွင်း ရန်ကုန်စတော့အိတ်ချိန်း စာရင်းဝင်ကုမ္ပဏီများအားလုံး၏ စတော့ရှယ်ယာရောင်းဝယ်မှုသည် စတော့ရှယ်ယာအစောင်ရေ ၅၁,၃၂၂ စောင်မှ စတော့ရှယ်ယာ တန်ဖိုးငွေကျပ် ၃၃၅,၂၉၀,၆၅၀ ရှိခဲ့ကြောင်းသိရသည်။

ဩဂုတ် ၂၅ ရက် မှ ၂၈ ရက် အထိ ရန်ကုန်စတော့အိတ်ချိန်း၏ စာရင်းဝင်ကုမ္ပဏီအားလုံး၏ စတော့ရှယ်ယာ ရောင်းဝယ်မှုမှာ စတော့ရှယ်ယာအစောင်ရေ ၂၄,၁၆၀ မှ စတော့ရှယ်ယာတန်ဖိုးငွေကျပ် ၁၃၅,၉၈၄,၁၀၀ ရှိခဲ့ကြောင်းသိရသည်။ ရန်ကုန် စတော့အိတ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီ၆ခု ၏ ရှယ်ယာများအရောင်းအဝယ်ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**Source:** https://www.facebook.com/XinhuaMyanmar/?brand_redir=338109312883186

## ဈေးကွက်အခက်အခဲကြောင့် ပင်လယ်ပြင်ငါးဖမ်းစက်လှေအားလုံး မထွက်နိုင်




Covid-19 ကပ်ရောဂါ ဖြစ်ပွားနေလို့ ဖမ်းဆီးရမိတဲ့ ငါးတွေ ရောင်းချရမယ့် ဈေးကွက်အခက်အခဲရှိနေတာကြောင့် ငါးဖမ်းလှေတွေ အားလုံး ပင်လယ်ပြင်မထွက်နိုင်သေးဘူးလို့ တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူး ဦးသက်စိုးကပြောပါတယ်။ ဖမ်းဆီးရမိတဲ့ ငါးအားလုံးကို ထိုင်းနိုင်ငံ ရနောင်းမြို့ကို ငါးဒိုင်တွေကို တင်ပို့နေတာဖြစ်ပြီး လက်ရှိအဲဒီငါးဒိုင်တွေမှာလည်း ပြီးခဲ့တဲ့နှစ်က ဝယ်ယူထားတဲ့ ငါးတွေကို တင်ပို့နိုင်တာမရှိသေးဘူးလို့ ကြားသိရတာကြောင့် ဈေးကွက် အခက်အခဲရှိနိုင်တယ်လို့ ပြောဆိုပါတယ်။ "ငါးအားလုံးက ရနောင်းကိုတင်ပို့နေရပါတယ်။ ရနောင်းမှာလည်း အရင်နှစ်က ဝယ်ထားတဲ့ငါးတွေ တောင်သူတို့က ကိုဗစ်ပိတ်ထားလို့ တခြားနိုင်ငံတင်ပို့လို့မရသေးဘူးကြားတယ်။ အခုငါးဖမ်းလှေရဲ့ (၃၀) ရာခိုင်နှုန်းဘဲထွက်ကြသေးတယ်။ တချို့လှေရှင်တွေလည်း မထွက်ရဲသေးဘူး။ ဈေးကွက်အခက်အခဲရှိနိုင်တာပေါ့။ အားလုံးက မထွက်လို့လည်းမရဘူး" လို့ ဦးသက်စိုးကပြောပါတယ်။

ငါးဖမ်းစက်လှေတွေ ပင်လယ်ပြင်မထွက်နိုင်ဘူးဆိုရင် ရေလုပ်သားတွေရဲ့ စားဝတ်နေရေးအခက်အခဲရှိနေတာကြောင့် ငါးဖမ်းထွက်နိုင်မှ ဖြေရှင်းနိုင်မှာဖြစ်တယ်လို့လည်းပြောပါတယ်။ လက်ရှိငါးဖမ်းရာသီကို စက်တင်ဘာလ (၁) ရက်မှာ ပြန်လည်ဖွင့်ထားပါတယ်။ ငါးဖမ်းရာသီပြန်လည်စတင်ပြီး ငါးတွေရောင်းချရမှုအခြေအနေတွေကို တစ်ပတ်နှစ်ပတ်နေမှ သိရှိရမှာဖြစ်ပြီး လက်ရှိအခြေအနေမှာတော့ ရခိုင်ငါးဈေးကွက်က ရာနှုန်းပြည့်ဝယ်ယူမယ် မယူဘူးဆိုတာမသိရသေးဘူးလို့ သိရပါတယ်။ "ဖမ်းဆီးရမိတဲ့ငါးတွေကို FOB . Export ဖြင့် ရခိုင်မှာ ရောင်းတာဖြစ်ပါတယ်။ လက်ရှိ ရခိုင်မှာလည်း ကိုဗစ်-၁၉ ရောဂါကြောင့် ပြီးခဲ့တဲ့နှစ်က သူတို့ သိုလှောင်ထားတဲ့ ငါးရေထွက်ပစ္စည်းတွေတောင် မရောင်းရသေးဘဲနဲ့ လက်ရှိမဝယ်ဖို့ အနေအထားရှိပါတယ်။ အဲဒါကို လုပ်ငန်းရှင်များက တကယ်လို့ ဖမ်းဆီးရမိလာရင်ရရှိလာတဲ့ ရေထွက်ပစ္စည်းတွေကို ရောင်းမယ့်ဈေးကွက် အနေအထားကိုကြည့်ပြီးတော့ (၁၀)စီးရှိတဲ့ လုပ်ငန်းရှင်ဆိုရင် (၅)စီးလောက်ဘဲထွက်မယ်။ အခြေအနေသုံးသပ်ပြီးမှ ပြန်ထွက်မယ့် အခြေအနေမျိုးရှိပါတယ်" လို့ မြိတ်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထွန်းနောင်ဦးကပြောပါတယ်။

ရခိုင်ဈေးကွက်က ရာနှုန်းပြည့်ဝယ်နိုင်မှသာ ငါးဖမ်းလှေအားလုံး ထွက်နိုင်မှာဖြစ်ပြီး အခြားဈေးကွက်ကို ထိုးဖောက်ဖို့အတွက် ကိုတော့ မြိတ်မြို့မှာ ငါးတံတားတွေ၊ အအေးခန်းစက်ရုံတွေရှိဖို့လိုအပ်တယ်လို့ ငါးဖမ်းလုပ်ငန်းရှင်တွေက ပြောပါတယ်။ လက်ရှိ မြိတ်အခြေပြု ကမ်းဝေးငါးဖမ်း ငါးသယ်လုပ်ငန်းလုပ်ကိုင်နေတဲ့ ရေယာဉ်စီးရေ (၁၂၅၀)ခန့်ရှိပြီး ကမ်းဝေးရေလုပ်သား (၂၅၀၀၀)ကျော် လုပ်ငန်းခွင်အတွင်း လုပ်ကိုင်နေကြတယ်လို့ ငါးလုပ်ငန်းဦးစီးဌာနကသိရပါတယ်။

**Source:** https://www.facebook.com/onenewsmyan/

## ကမ္ဘာ့စီးပွားရေးအင်အားကြီး ၇ နိုင်ငံ စီးပွားရေးစံချိန်တင်ကျဆင်း




ကမ္ဘာ့စီးပွားရေးအင်အားကြီး ၇ နိုင်ငံအုပ်စု G-7 ဟာ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကို ရင်ဆိုင်နေရချိန် ၂၀၂၀ ဒုတိယ သုံးလပတ်ကာလအတွင်း စီးပွားရေးဟာ စံချိန်တင်လောက်အောင် အဆိုးဆုံး ကျဆင်းခဲ့တယ်လို့ ဩဂုတ် ၃၀ ကနေ့ ရိုက်တာသတင်းမှာ ဖော်ပြထားပါတယ်။ အမေရိကန်စီးပွားရေး တိုးတက်နှုန်းဟာ ၂၀၂၀ ဒုတိယ သုံးလပတ်အတွင်း ၃၁ ဒသမ ၇ ရာခိုင်နှုန်းကျဆင်းခဲ့တယ်လို့ အမေရိကန်စီးပွားရေးဝန်ကြီးဌာနကဆိုပါတယ်။

အလားတူအချိန်မှာပဲ ဗြိတိန်စီးပွားရေးဟာ မှတ်တမ်းစတင်ခဲ့တဲ့ ၁၉၅၅ ခုနှစ်တည်းက ခုထိအနက်ရှိုင်းဆုံးကျဆင်းခဲ့ပါတယ်။ စာရင်းအင်းတွေအရ ပထမသုံးလပတ်မှာ စုစုပေါင်း ပြည်တွင်းထုတ်ကုန် GDP က ၂၀ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းမယ်လို့ခန့်မှန်းထားပြီး ဒုတိယသုံးလပတ်မှာတော့ ဆက်ကျဆင်းနေတာကို ပြနေပါတယ်။

ဥရောပငွေကြေးဇုန်အတွင်း ဒုတိယအကြီးဆုံးစီးပွားရေးနိုင်ငံ ပြင်သစ်နိုင်ငံရဲ့ GDP ဟာ အသွားအလာ ကန့်သတ်ချက်တွေကြောင့် ဒုတိယ သုံးလပတ်အတွင်း ၁၃ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ပထမ သုံးလပတ်မှာတော့ ၅ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့တာပါ။

အီတလီရဲ့ GDP ကတော့ ဒုတိယ သုံးလပတ်မှာ ၁၂ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ၁၉၉၅ ကတည်းက အခုထိအကြီးဆုံး စီးပွားရေးကျဆင်းမှုအဖြစ် စံချိန်တင်ခဲ့ပါတယ်။

ကနေဒါနိုင်ငံရဲ့ GDP ဟာလည်း ဒုတိယ သုံးလပတ်မှာ ၁၁ ဒသမ ၅ ရာခိုင်နှုန်းထိ စံချိန်တင် ကျဆင်းပြီး ၁၉၆၁ နောက်ပိုင်းမှာ အနိမ့်ဆုံးစီးပွားရေးအဆင့်ထိ ရောက်ခဲ့ပါတယ်။

ဂျာမနီနိုင်ငံရဲ့ GDP ကတော့ ဒုတိယ သုံးလပတ်မှာ ၉ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းပြီး ၁၉၇၀ နောက်ပိုင်း စီးပွားရေးတဟုန်ထိုးကျဆင်းမှုအဖြစ် မှတ်တမ်းဝင်ခဲ့ပါတယ်။

ဂျပန်ဟာလည်း မှတ်တမ်းတင်မှုစတဲ့ ၁၉၈၀ ကနေ အခုထိ GDP အဆိုးရွားဆုံးကျဆင်းခဲ့ပြီး ပထမသုံးလပတ်မှာ စီးပွားရေး ၇ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့တာပါ။ ကပ်ဘေးသက်ရောက်မှုဟာ မတူခြားနားတဲ့နိုင်ငံတွေမှာ ကွဲပြားနေတယ်လို့ ပညာရှင်တွေကပြောပါတယ်။ ကပ်ဘေးကို အနေးဆုံးတုံ့ပြန်တဲ့နိုင်ငံဟာ စီးပွားရေးကျဆင်းမှုကို အဆိုးဆုံးခံရတယ်လို့လည်း သူတို့ကပြောပါတယ်။ ဒါပေမဲ့ G7 အဖွဲ့ဝင်နိုင်ငံတချို့မှာ ကန့်သတ်ချက်တွေကို ဖြည်းဖြည်းချင်း ပြန်ဖယ်ပေးနေလို့ ကူးစက်မှုတကျော့ပြန်ဖြစ်နေတဲ့အတွက် စီးပွားရေးနာလန်ထချိန်မှာ ဆုံးရှုံးမှုတွေဖြစ်ပေါ်လာစေတယ်လို့ ရိုက်တာသတင်းဌာနက အစီရင်ခံထားပါတယ်။

Source: http://burmese.dvb.no/archives/407733

## ဂျပန်နိုင်ငံတွင် ကားပျံစမ်းသပ်ပျံသန်းမှုကို မီဒီယာများရှေ့မှောက်တွင် လက်တွေ့စမ်းသပ် ပျံသန်းခဲ့ကြောင်းသိရ

ဂျပန်နိုင်ငံရှိ စွန့်ဦးကုမ္ပဏီတစ်ခုဖြစ်သည့် SkyDrive သည် လူလိုက်ပါ၍ ပျံသန်းမောင်းနှင် နိုင်သည့် "ကားပျံ" စမ်းသပ်ပျံသန်းမှုကို သတင်းထောက်များ၏ ရှေ့မှောက်တွင် လက်တွေ့ပျံသန်း ပြသခဲ့ပါသည်။

အဆိုပါယာဉ်သည် ဒရုန်းကဲ့သို့ တွန်းအားပေးသည့် ပန်ကာများကို အသုံးပြုပျံသန်းခြင်းဖြစ်ပါသည်။ တိုကျိုအခြေစိုက်ကုမ္ပဏီဖြစ်သည့် SkyDrive သည် ၎င်းတို့ တီထွင်ထုတ်လုပ်ထားသော ကားပျံနှင့်ပတ်သက်သည့် ကနဦးစမ်းသပ်ပျံသန်းမှုများကို ပြီးခဲ့တဲ့ ဒီဇင်ဘာလမှ စတင်၍ အအိချီစီရင်စု၊ တိုယိုတာမြို့တွင် ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်းသိရပါသည်။ အဆိုပါကုမ္ပဏီသည် တိုယိုတာမော်တော်ကုမ္ပဏီမှ ဝန်ထမ်းဟောင်းများနှင့် အခြားနည်းပညာဖန်တီးသူများ စုပေါင်းတည်ထောင်ထားခြင်း ဖြစ်ပါသည်။

သတင်းထောက်မီဒီယာများကိုပြသရာတွင် စမ်းသပ်မောင်းနှင်ခဲ့သည့် မောင်းနှင်သူသည် အဆိုပါကားပျံယာဉ်၏ ထိန်းချုပ်မှုကိရိယာကို အသုံးပြုကာမောင်းနှင်ခဲ့ပါကြောင်း၊ ကား၏အရှည်မှာ ၄ မီတာခန့်နှင့် အမြင့်မှာမူ ၂ မီတာခန့်ရှိပါကြောင်း၊ အဆိုပါကားပျံတွင် ပန်ကာ ၈ လုံးဖြင့် လည်ပတ်ခဲ့ပြီး မြေပြင်မှ ၂ မီတာအမြင့်ထိ တစ်နာရီကို ၄ ကီလိုမီတာနှုန်းဖြင့် မြင့်တက်ကာ လှည့်ပတ်ပျံသန်းနိုင်ခဲ့ကြောင်း သိရပါသည်။

ယခုကဲ့သို့ လူလိုက်ပါမောင်းနှင်နိုင်သော မော်တော်ကား စမ်းသပ်ပျံသန်းမှုကို အောင်အောင်မြင်မြင် တီထွင်နိုင်မှုကို ၎င်းတို့က ဂျပန်နိုင်ငံတွင် ပထမဦးဆုံး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း SkyDrive ကုမ္ပဏီအရာရှိများကဆိုပါသည်။

ယာဉ်ကြောပိတ်ဆို့မှုများကိုလျှော့ချပြီး ဒေသတွင်းခရီးသွားလာမှုများတွင် ပိုမိုထိရောက်မြန်ဆန်စွာ ဆောင်ရွက်ခြင်းသည် အရေးပါလာသည့်အတွက် ကားပျံများတီထွင်ဖန်တီးမှုကို ကမ္ဘာတစ်ဝှမ်း မျှော်လင့်စောင့်ဆိုင်းနေကြခြင်းဖြစ်ပါသည်။

SkyDrive ကုမ္ပဏီသည် အနာဂတ်ကာလ ၂၀၂၃ ခုနှစ်တွင် ဂျပန်နိုင်ငံအတွင်းရှိ စီရင်စုဒေသများတွင် တက္ကစီအငှားယာဉ်အဖြစ် ကားပျံဝန်ဆောင်မှုကို စတင်အကောင်အထည်ဖော်ရန် စီစဉ်ထားပါကြောင်းနှင့် ၂၀၂၈ ခုနှစ်တွင်လည်း ကိုယ်တိုင်မောင်း ကားပျံဝန်ဆောင်မှုကိုစတင်ရန် မျှော်မှန်းထားကြောင်းသိရပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဂျပန်**

## အာရှဒေသတွင် အသေးစားနှင့်အလတ်စားလုပ်ငန်းများအတွက် ပိုမိုကူညီပေးရန်လိုအပ်လျက်ရှိခြင်း

ဖွံ့ဖြိုးဆဲဈေးကွက်များရှိပုဂ္ဂလိကလုပ်ငန်းများအားငွေကြေးကူညီပံ့ပိုးပေးသည့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (International Finance Corporation-IFC) စာရင်းအရ ကမ္ဘာ့ကပ် ရောဂါ COVID-19 ကာလအတွင်း အာရှ-ပစိဖိတ်ဒေသရှိ အငယ်စား၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ (Micro, small and medium enterprises-MSMEs) မှာ ပြင်းထန်စွာထိခိုက်လျက်ရှိရာ ဒေသတွင်းစီးပွားရေး ပြန်လည်ကောင်းမွန်လာရန် အကူအညီများပိုမိုလိုအပ်မည်ဖြစ်ကြောင်း၊ ကမ္ဘာ့ဘဏ်မှလည်း စီးပွားရေးဘဏ်များမှ ချေးငွေများဖြင့် လည်ပတ်နေသောကုမ္ပဏီများကို ကူညီပံ့ပိုးပေးနိုင်ရန် ဆန်းစစ်လျက်ရှိကြောင်း၊ ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် လုပ်ငန်းများအား ချေးငွေများကူညီပံ့ပိုးပေးသည့် အစီအစဉ်ဆောင်ရွက်ခဲ့သော်လည်း ဘဏ်များမှလုပ်ငန်းကြီးများကိုသာ ဦးစားပေးထုတ်ချေးပေးခဲ့ပြီး MSMEs များအတွက် ချေးငွေမရရှိခဲ့သဖြင့် ငွေကြေးအကြပ်အတည်းကြောင့် ရက်သတ္တပတ်အနည်းငယ်အတွင်း လုပ်ငန်းများရပ်ဆိုင်းလိုက်ရကာ လုပ်ငန်းများပြိုလဲသွားကြ

ကြောင်း၊ COVID-19 ကြောင့် ၂၀၂၀ ပြည့်နှစ်၊ ဘဏ္ဍာရေးနှစ်အတွင်း စီးပွားရေးကျဆင်းလျက်ရှိသောကြောင့် အာရှ- ပစိဖိတ်ဒေသတွင်းရှိ စီးပွားရေးလုပ်ငန်းများအားပံ့ပိုးနိုင်ရန် အမေရိကန်ဒေါ်လာ (၁) ဘီလီယံနှင့် COVID-19 နှင့် ဆက်စပ်နေသာကုန်သွယ်မှုရန်ပုံငွေ အမေရိကန်ဒေါ်လာ(၄၉၂) မီလီယံအား IFC မှထုတ်ပေးခဲ့ကြောင်း၊ အာရှဒေသရှိ ခရီးသွားလုပ်ငန်းနှင့်အသေးစားလုပ်ငန်းများ ထိခိုက်လျက်ရှိရာ ကမ္ဘာလုံးဆိုင်ရာလုပ်ငန်းများအား ဟောင်ကောင်ဒေါ်လာ (၈) ဘီလီယံ ပံ့ပိုးသည့်အစီအစဉ်ကို IFC သည် မတ်လမှစတင်၍ ပြုလုပ်ခဲ့ကြောင်း၊ အဆိုပါအစီအစဉ်တွင် လုပ်ငန်းများအတွက် အလုပ်သမားလစာများနှင့် ဘီလ် ပေးချေမှုများကို ပံ့ပိုးပေးမည့် ကာလတိုရန်ပုံငွေ အမေရိကန် ဒေါ်လာ(၂) ဘီလီယံပါဝင်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ ဘဏ္ဍာရေးနှစ်လုပ်ငန်းလည်ပတ် ငွေအစီအစဉ်မှ SMEs လုပ်ငန်း (၁၇,၅၀၀) အတွက် အကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးဝါးလုပ်ငန်းများ၊ ဆေးရုံများနှင့်ဆေးဘက်ဆိုင်ရာ အသုံးအဆောင်ပစ္စည်းများ တင်သွင်းသူများကိုပံ့ပိုးပေးနိုင်ရန် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လတွင် အမေရိကန်ဒေါ်လာ ၄ ဘီလီယံ ရန်ပုံငွေအစီအစဉ်သစ်တစ်ခုကြေညာခဲ့ကြောင်း၊ အာရှဒေသ၌ COVID-19 ဖြစ်ပွားမှု ပြန်လည်နလန်ထူလာမှုမှာ အမေရိကန်နှင့်ဥရောပဒေသတို့ထက် ပိုမိုလျင်မြန်ကြောင်း၊ ဗီယက်နမ်နှင့်ထိုင်းနိုင်ငံတို့၏ စီးပွားရေးအခြေအနေမှာ ကောင်းမွန် မှုရှိသည်ကိုတွေ့ရှိရကြောင်း၊ တရုတ်နိုင်ငံသည် အခြားနိုင်ငံများထက် ပိုမိုကောင်းမွန်စွာလုပ်ကိုင်နိုင်ခြေရှိကြောင်း၊ ၂၀၁၉ ခုနှစ်ကဲ့သို့စီးပွားရေးအခြေအနေသို့ ပြန်လည်ရောက်ရှိရန်မှာ ၂၀၂၁ ခုနှစ်၊ နှစ်ကုန်အထိ ကြာမြင့်နိုင်ကြောင်းနှင့် အမေရိကန်နှင့်ဥရောပသမဂ္ဂတို့ ပြန်လည်နလန်ထူနိုင်မည့်အပေါ်လည်း မူတည်နေကြောင်း ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Chad Bray က " 'More Support Needed for Small Firms in Asia" ခေါင်းစဉ်ဖြင့်ရေးသားဖော်ပြထားပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဟောင်ကောင်**

## ကိုရီးယားသမ္မတနိုင်ငံနှင့်ကမ္ဘောဒီးယားနိုင်ငံတို့အကြား နှစ်နိုင်ငံ လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်စာချုပ်ချုပ်ဆိုနိုင်ရေးအတွက် ဒုတိယအကြိမ်မြောက် FTA ဆွေးနွေးမှုအား ဆက်လက်ဆောင်ရွက်နေမှုအခြေအနေ





ကိုရီးယားသမ္မတနိုင်ငံသည် COVID-19 ကြောင့်ထိခိုက်ရသည့် နိုင်ငံ၏စီးပွားရေးကို ပို့ကုန်ကဏ္ဍတိုးမြှင့်တင်ပို့ခြင်းမှတစ်ဆင့် ပြန်လည်နာလန်ထူစေရန်ဆောင်ရွက်နိုင်ရေးကို အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်နေသည့်အားလျော်စွာ ကမ္ဘောဒီးယားနိုင်ငံနှင့် ဆွေးနွေးဆဲဖြစ်သော လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်ဆိုင်ရာ FTA ဆွေးနွေးပွဲ၏ ဒုတိယအကြိမ် (Second Round) ကို ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ပထမပတ်အတွင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆိုးလ်မြို့တော်နှင့်ဖနွမ်ပင်မြို့တော်တို့အကြား Virtual Meeting ကို Online မှတစ်ဆင့် (၄)ရက်တာ ဆွေးနွေးရန်စီစဉ်ထားကြောင်း ကိုရီးယားသမ္မတနိုင်ငံ၊ ကုန်သွယ်ရေး၊ စက်မှုနှင့်စွမ်းအင်ဝန်ကြီးဌာန၏ (၃၁-၈-၂၀၂၀)ရက်နေ့တွင် ထုတ်ဖော်ပြောကြားချက်အရသိရှိရပါသည်။

တောင်ကိုရီးယားနိုင်ငံနှင့်ကမ္ဘောဒီးယားနိုင်ငံ နှစ်နိုင်ငံအကြား ပထမအကြိမ်ဆွေးနွေးပွဲ ကို ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လနှောင်းပိုင်းတွင် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ်၊ မတ်လတွင် တောင်ကိုရီးယားနိုင်ငံ၊ သမ္မတမွန်ဂျေအင်း၏ ကမ္ဘောဒီးယားနိုင်ငံ၊

ဖနွမ်ပင်မြို့သို့ သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်းတွင် ကျင်းပပြုလုပ်ခဲ့သည့်ထိပ်သီးအစည်းအဝေး၌ နှစ်နိုင်ငံလွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူညီချက်အတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရန် ကမ္ဘောဒီးယားဝန်ကြီးချုပ်၏ အဆို ပြုချက်အပြီး (၁)နှစ်အကြာတွင် ဤကဲ့သို့ နှစ်နိုင်ငံအကြား FTA ဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှုအား ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်းသိရှိရပါသည်။

ယခုတစ်ပတ်အစည်းအဝေးတွင် တောင်ကိုရီးယားနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် နှစ်နိုင်ငံအကြား ဆောင်ရွက်နိုင်မည့် စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ၊ FTA ဆိုင်ရာ ကုန်စည်အုပ်စုများကိုသတ်မှတ်ရေးတို့အတွက် အမြင်ချင်းဖလှယ်၍ ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ တောင်ကိုရီးယားနိုင်ငံအနေဖြင့်အာဆီယံနှင့် လွတ်လပ်သောကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်ကိုချုပ်ဆိုဆောင်ရွက်ထားပြီးဖြစ်သော်လည်း၊ သက်ဆိုင်ရာအာဆီယံနိုင်ငံ တစ်ခုချင်းစီနှင့်နှစ်နိုင်ငံအကြား ကုန်သွယ်မှုဆိုင်ရာ အခွင့်အလမ်းများ ပိုမိုပွင့်လန်းလာစေရေးအတွက် လွတ်လပ်သော ကုန်သွယ်မှုဆိုင်ရာသဘောတူညီချက်များကို ထပ်မံညှိနှိုင်း ဆောင်ရွက်ခြင်းဖြစ်ကြောင်းသိရှိရပါသည်။

ထို့ပြင် ကိုရီးယားသမ္မတနိုင်ငံအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အမေရိကန် ပြည်ထောင်စုတို့အပေါ်တွင် ပို့ကုန်ကဏ္ဍ၌ (၄၀) ရာခိုင်နှုန်းခန့် မှီခိုအားထားနေရခြင်းကို လျှော့ချရန်ကြိုးပမ်းဆောင်ရွက်လိုခြင်းကလည်း အကြောင်းရင်းတစ်ရပ်ဖြစ်ကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံသည် အာရှ၏စတုတ္ထ စီးပွားရေးအင်အားအကြီးဆုံးနိုင်ငံဖြစ်သည့် တောင်ကိုရီးယားနိုင်ငံအတွက် အဆင့် (၃၈) ရှိ ပို့ကုန် အများဆုံးတင်ပို့ရာဒေသဖြစ်ပြီး၊ Korea International Trade Association (KITA) ၏ စာရင်းများအရ ၂၀၁၉ ခုနှစ်တွင် နှစ်နိုင်ငံအကြားကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ(၁)ဘီလီယံသို့ရောက်ရှိခဲ့ကာ ၂၀၁၈ ခုနှစ်ကထက် (၆) ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ အဓိကအားဖြင့် တောင်ကိုရီးယားနိုင်ငံမှ ကမ္ဘောဒီးယားနိုင်ငံသို့ ကုန်တင်ယာဉ်၊ အချိုရည်နှင့်ချည်မျှင်/ အဝတ်အထည်များကိုတင်ပို့လျက်ရှိကြောင်း သိရှိရပါသည်။ ၂၀၁၉ ခုနှစ်တွင် အာဆီယံနိုင်ငံများသို့ တောင်ကိုရီးယားနိုင်ငံ၏ ပို့ကုန်တင်ပို့နိုင်မှုအနေဖြင့် အမေရိကန်ဒေါ်လာ (၆၉၇) သန်းရှိခဲ့ပြီး၊ ၂၀၁၈ ခုနှစ်ကထက် (၅.၅) ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း သိရှိရပါသည်။

ကိုရီးယားသမ္မတနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင် နှစ်နိုင်ငံလွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက် စာချုပ်များကို ဗီယက်နမ်နိုင်ငံနှင့်စင်ကာပူနိုင်ငံတို့နှင့် ချုပ်ဆိုခဲ့ပြီး ဖြစ်ရာ၊ ယခုဆွေးနွေးညှိနှိုင်းမှုပြီးမြောက်၍ သဘောတူညီချက်စာချုပ်အား လက်မှတ်ရေးထိုးပြီးပါက ကမ္ဘောဒီးယားနိုင်ငံသည်လည်း တောင်ကိုရီးယားနိုင်ငံ၏ အရှေ့တောင်အာရှဒေသရှိ FTA ကုန်သွယ်ဖက်နိုင်ငံစာရင်းဝင်ဖြစ်လာမည်ဖြစ်ကြောင်း၊ တောင်ကိုရီးယားပို့ကုန်လုပ်ငန်းရှင်များအတွက်အဆင် ပြေစေမည့် စီးပွားရေးဝန်းကျင်တစ်ခုကိုဖန်တီးပေးလျက် ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်မည် ဟုယုံကြည်ကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံအနေဖြင့် ဖိလစ်ပိုင်နိုင်ငံနှင့် FTA ဆိုင်ရာတရားဝင် ဆွေးနွေးညှိနှိုင်းခြင်းများကို ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလတွင် (၅)ကြိမ်မြောက် ဆောင်ရွက်ခဲ့ပြီးဖြစ်ပြီး၊ မလေးရှားနိုင်ငံနှင့် ဆွေးနွေးညှိနှိုင်းမှုများမှာလည်း တိုးတက်မှုရှိကြောင်း၊ ထို့ပြင် အင်ဒိုနီးရှားနိုင်ငံ နှင့်လည်း The Comprehensive Economic Partnership Agreement (CEPA) ကို အတည်ပြု လက်မှတ်ရေးထိုးပွဲကျင်းပနိုင်ရန် စောင့်ဆိုင်းလျက်ရှိကြောင်း ကိုရီးယားသမ္မတနိုင်ငံ၊ ကုန်သွယ်ရေး၊ စက်မှုနှင့်စွမ်းအင်ဝန်ကြီးဌာန၏ ထုတ်ဖော်ပြောကြားချက်များအရ သိရှိရပါသည်။

**Source: The Korea Times**

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဆိုးလ်မြို့**

# STOCK EXCHANGE (2.9.2020)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 2nd Sep. 2020

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,900 | +0 | +0.00% | 9,900 | 9,900 | 9,900 | 200 | 1,980,000 | 27,112,747 | 268,416 |
| MTSH | 00002 | 3,650 | +0 | +0.00% | 3,600 | 3,650 | 3,600 | 5,259 | 18,933,650 | 38,929,150 | 142,091 |
| MCB | 00003 | 7,900 | +100 | +1.28% | 7,900 | 7,900 | 7,900 | 100 | 790,000 | 10,400,986 | 82,168 |
| FPB | 00004 | 21,500 | -500 | -2.27% | 21,500 | 21,500 | 21,500 | 51 | 1,096,500 | 2,472,053 | 53,149 |
| TMH | 00005 | 2,700 | +0 | +0.00% | 2,750 | 2,750 | 2,700 | 8 | 21,650 | 12,823,224 | 34,623 |
| EFR | 00006 | 3,100 | +0 | +0.00% | 3,100 | 3,100 | 3,100 | 1 | 3,100 | 19,977,223 | 61,929 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 431.72 | -0.13 | -0.03% | 429.71 | 431.72 | 429.71 | 5,619 | 22,824,900 | 6 | 642,376 |

### Index chart




## Market Overview

As of 1:00 pm, 2nd Sep. 2020

| MYANPIX | 431.72 ▼ 0.13 |
|---|---|
| Total Volume (shares) | 5,619 |
| Total Value (MMK) | 23 mil |
| Listed Company | 6 |
| Market Cap. (MMK) | 642,376 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,900 | ▲ 0 |
| MTSH | 00002 | 3,650 | ▲ 0 |
| MCB | 00003 | 7,900 | ▲ 100 |
| FPB | 00004 | 21,500 | ▼ 500 |
| TMH | 00005 | 2,700 | ▲ 0 |
| EFR | 00006 | 3,100 | ▲ 0 |